ပြည်ထောင်စုမြန်မာနိုင်ငံ

ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း

MYANMAR PHARMACEUTICALS & MEDICAL EQUIPMENT ENTREPRENEURS' ASSOCIATION

## အသင်းဝင်များသိသာရန်

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် သက်တမ်းလွန်ဆေးဝါးများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နမိတ်အတွင်း၌ ဖျက်ဆီးနိုင်ရန် စီစဉ်ဆောင်ရွက်လျှက် ရှိပါကြောင်းနှင့် ဖျက်ဆီးမည့် ဆေးဝါးများအတွက် အခမဲ့ဖျက်ဆီးခွင့်ကိုလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့အသင်းဝင်များဖြစ်သော ဆေးဝါးတင်သွင်းသူများ၊ ဆေးခန်း၊ ဆေးဆိုင်များအနေဖြင့် အသင်းနှင့်ပူးပေါင်း၍ ရက်လွန်ဆေးဝါးများအားဖျက်ဆီးလိုပါက ဖျက်ဆီးမည့်ဆေးစာရင်းအား အသင်းရုံးသို့ ပေးပို့ပါရန်နှင့် ဖျက်ဆီးမည့်ဆေးများအတွက် အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရရှိစေရန်အတွက်ကိုလည်း အသင်းမှ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျှက်ရှိပါသည်။

ဖျက်ဆီးသောရက်လွန်ဆေးဝါးများအတွက် အခွန်ကင်းလွတ်ခွင့်အား လိုအပ်ပါက အသင်းမှ ထောက်ခံပေးမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။ ထို့ကြောင့်မိမိ၏ ကုမ္ပဏီ၊ ဆေးခန်း၊ ဆေးဆိုင်များမှ ဖျက်ဆီးလိုသည့်ရက်လွန်ဆေးဝါးများစာရင်းကို အသင်းသို့ အမြန်ပေးပို့ပါရန် အကြောင်းကြားနှိုးဆော်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အသင်းရုံး ဖုန်း–၂၁၄၈၃၄၊ ၂၁၆၂၀၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း

ကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း

ရက်စွဲ။ ။၂၀၁၁ခုနှစ်၊ ဩဂုတ်လ(၂၂)ရက်

UMFCCI Office Tower
No.(29), Level-5, Min Ye Kyaw Swar Street, Lanmadaw Township, Yangon. Tel : (951) 214834
E mail : mpmeea@mptmail.net.mm Website : www.mpmeea.org